www.dhammadownload.com

မိုးကုတ်ဝိပဿနာပြန့်ပွားရေး

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ အနောက်ဂန့်ဂေါ ၊မိုးလယ်တောရကျောင်း၊

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မိုးလယ်ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တသံဝရ



ရန်ကုန်တိုင်း၊ ဗဟန်းမြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်

၁၅-၁၂-၂၀၀၈ ည ၇-နာရီ အချိန်

ဟောကြားတော်မူသော

# သက္ကာယ ဒိဋ္ဌိပြုတ်ပုံ

ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ်တရားတော်

www.dhammadownload.com

**ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ**
**မုံလယ်တောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တသံဝရ**
ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်
၁၅-၁၂-၂၀၀၈ ည (၇း၀၀)နာရီ အချိန်
ဟောကြားတော်မူသော
**သက္ကာယဒိဋ္ဌိဖြုတ်ပုံ**
ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော်။

**အနန္တော အနန္တ ငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြပါစို့။**

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊
နမော မာတာပိတုဿ၊ နမော အာစရိယဿ။

**ဗုဒ္ဓဿ** - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား၊ **နမော** - ရည်ညွတ်သဒ္ဓါစေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏၊ အရှင်ဘုရား။

www.dhammadownload.com



**ဓမ္မသ** - မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အား၊ **နမော** - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**သံဃဿ** - မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဤရှစ်ပါးသော အရိယာ သံဃာတော်မြတ်တို့အား၊ **နမော**-ရည်ညွှတ်သဒ္ဓါ စေတနာ ဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**မာတာပိတုဿ** - မိဘနှစ်ပါးအား၊ **နမော** - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**အာစရိယဿ** - ဝိပဿနာ ဉာဏ်မျက်စိ နှစ်ကွင်း အလင်းရောက်အောင် သစ္စာလေးပါး တရားတော်နှင့် ကုသ ပေးတော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား၊ **နမော**- ရည်ညွှတ်သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရားရတနာ တရားရတနာ သံဃာရတနာ မိဘ၊ ဆရာသမားတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်

www.dhammadownload.com



ဖူးမြော် မာန်လျှော့ ကန်တော့ကြရသော ပူဇဝန္တပဏာမ စေတနာ သဒ္ဓါ ပညာ ဝီရိယတို့ ကြောင့် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအို မသေ အမြဲနေသော နိဗ္ဗာန်သို့ လည်း ကောင်း၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း၊ တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုလွယ် နိုင်ကြသည်ဖြစ်စေ။

## မူလနှစ်ဖြာ တစ်ခေါက်

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလှာ၊<br>
အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊သုံးပါးအစပ်၊<br>
နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝနှင့်၊ ကာလသုံးဖြာ၊<br>
ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို<br>
အလွယ်ကျက်မှတ် သိစေအပ်သည်<br>
သံသရာမှ လွတ်ကြောင်းတည်း။

www.dhammadownload.com



နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

တရားနာတယ်၊ တရားအားထုတ်တယ်၊ တရားလေ့လာတယ်ဆိုတာ မိမိခန္ဓာမှာ ရှိတဲ့တရားနဲ့ အသိဉာဏ်နဲ့ ထပ်သွားဖို့လိုတယ်နော်။ ရှိတဲ့တရားဆိုတာ အာရုံနဲ့ ဒွါရ တိုက်ပြီးတော့ပေါ်တဲ့ ခန္ဓာငါးပါးကို ပြောတာနော်။ အာရုံဆိုတာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံပေါ့။ ဒွါရဆိုတာ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနောအကြည်ပေါ့။ ရုပ်နှစ်ခု တိုက်တိုင်းတိုက်တိုင်း ဆိုင်ရာဝိညာဏ် မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ ကာယအကြည်ရှိတော့ ပထဝီ ဖောဋ္ဌဗ္ဗ မတိုက်လား . . . (တိုက်ပါတယ် ဘုရား)။ သိတဲ့ စိတ်ကလေး မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ သူတော် ငါတွေက သိတာလား၊ ထိသိစိတ်လား . . . (ထိသိစိတ်ပါ

www.dhammadownload.com



ဘုရား)။ ဒါ ကာယဝိညာဏ်ပေါ့။ မာတယ်လို့သိတာ ပျော့တယ်လို့ သိတာ ကာယဝိညာဏ်နော်။

တစ်ဝိညာဏ်တည်း ထိလို့ သိလို့ ဖြစ်ရဲ့လား . . . (မဖြစ်ပါဘူး ဘုရား)။ မဖြစ်ရင် သူနဲ့ သဟဇာတ ဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ မပါလား . . . (ပါပါတယ် ဘုရား)။ မာတယ် ပျော့တယ်လို့ ခံစားတာ လူလား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ နတ်လား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ ဗြဟ္မာလား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ မာတယ် ပျော့တယ်လို့ မှတ်တာ လူ၊ နတ်၊ ဗြဟ္မာလား၊ သညာလား . . . (သညာပါ ဘုရား)။ ခံစားနိုင်အောင် စေ့ဆော်တာ ပြုပြင်နိုင်အောင် စေ့ဆော်တာ သူငါလား၊ စေတနာလား . . . (စေတနာပါ ဘုရား)။ ဝေဒနာ၊ သညာ၊ စေတနာသုံးခုပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့်လား . . . (ပြည့်ပါတယ် ဘုရား)။ ဤလေးပါး ပြည့်စုံမှ ထိသိစိတ် ဖြစ်တာနော်။ လူ၊ နတ်၊ ဗြဟ္မာလား နာမက္ခန္ဓာလေးပါးလား . . . (နာမက္ခန္ဓာလေးပါးပါ ဘုရား)။ ကာယအကြည်ကား လူဟုတ်ရဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ မာမှု၊ ပျော့မှုကား လူဟုတ်ရဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား . . .

www.dhammadownload.com



(ရပါတယ် ဘုရား)။ နာမက္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာပေါင်း . . . (ခန္ဓာငါးပါးပါ ဘုရား)။

**တရားပျောက်တော့ ကိုယ်မှာရှာ ကိုယ်မှာရှာတော့ တရားတွေ့**တယ် မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ လူတွေ့တာလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ နတ်တွေ့တာလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ဗြဟ္မာတွေ့တာလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ မြို့၊ ရွာ၊ တိုင်းပြည်တွေ့တာလား ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ခန္ဓာပဲတွေ့တာနော်။ အဲဒါ ခန္ဓာသိဖို့၊ ခန္ဓာသိရင် သက္ကာယဒိဋ္ဌိပြုတ်တာပေါ့။ ပိဋကတ်သုံးပုံကို ချုံ့ကြည့် ခန္ဓာငါးပါးပေါ့။ ခန္ဓာငါးပါး ချုံ့ကြည့် နာမ်နဲ့ ရုပ်ပေါ့။ ဖြန့်လိုက်ရင် ခန္ဓာငါးပါး။ အဲဒီ ခန္ဓာသိမှ သက္ကာယဒိဋ္ဌိ ပြုတ်မှာနော်။ မရသေးတဲ့ ပုဂ္ဂိုလ်ရလေအောင် ရပြီးသားပုဂ္ဂိုလ် လိုရင်းကိစ္စပြီးအောင် မျက်စိပေါက်ကာစ၊ မနောဒွါရထိ မှန်မှန်လေး ခန္ဓာဖွဲ့ကြ။

www.dhammadownload.com



# "ခန္ဓာဖွဲ့နည်း"

## မျက်စိ

စက္ခုအကြည်ကို အဆင်းတိုက်တော့ စက္ခုဝိညာဏ် ပေါ်ပါသည်။ စက္ခုဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ စက္ခုဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ စက္ခုအကြည်နှင့် အဆင်းကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး**ဖြစ်ပါသည်။

မျက်စိအကြည်ကို အဆင်းတိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။ အဆင်းကို မြင်သိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ မျက်စိအကြည်နှင့် အဆင်းက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

မျက်စိအကြည်ကို အဆင်းတိုက်တော့မြင်သိစိတ် ပေါ်ပါသည်။ အဆင်းကို မြင်သိတာက နာမ်တရား။ မျက်စိအကြည်နှင့် အဆင်းက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

www.dhammadownload.com



**နား**

သောတအကြည်ကို အသံတိုက်တော့ သောတ ဝိညာဏ် ပေါ်ပါသည်။ သောတဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ သောတဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာသုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ သောတအကြည်နှင့် အသံကို ခန္ဓာဖွဲ့ တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

နားအကြည်ကို အသံတိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။ အသံကို ကြားသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ နား အကြည်နှင့် အသံက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

နားအကြည်ကို အသံတိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။ အသံကို ကြားသိတာက နာမ်တရား။ နား အကြည်နှင့် အသံက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

www.dhammadownload.com



## နာမ

ဈာနအကြည်ကို အနံ့တိုက်တော့ ဈာနဝိညာဏ် ပေါ်ပါသည်။ ဈာနဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်းပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ဈာနဝိညာဏ်နှင့် သဟ ဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ဈာနအကြည်နှင့် အနံ့ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာ လေးပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

နှာအကြည်ကို အနံ့တိုက်တော့ နံ့သိစိတ် ပေါ်ပါသည်။ အနံ့ကို နံ့သိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ နှာအကြည်နှင့် အနံ့က ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

နှာအကြည်ကို အနံ့တိုက်တော့ နံ့သိစိတ် ပေါ်ပါသည်။ အနံ့ကို နံ့သိတာက နာမ် တရား။ နှာအကြည်နှင့် အနံ့က ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

www.dhammadownload.com



## လျှာ

ဇိဝှါအကြည်ကို ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး ရသာ (၆)ပါး တိုက်တော့ စားသိစိတ်ဆိုတဲ့ ဇိဝှါဝိညာဏ် ပေါ်ပါသည်။ ဇိဝှါဝိညာဏ်ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ဇိဝှါဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါး ပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ဇိဝှါအကြည်နှင့် ရသာ(၆)ပါးကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

လျှာအကြည်ကို ရသာ(၆)ပါးတိုက်တော့ စားသိစိတ်ပေါ်ပါသည်။ ရသာ(၆)ပါးကို စားသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ လျှာအကြည်နှင့် ရသာ(၆)ပါးက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

လျှာအကြည်ကို ရသာ(၆)ပါးတိုက်တော့ စားသိစိတ်ပေါ်ပါသည်။ ရသာ(၆)ပါးကို စားသိတာက နာမ်တရား။ လျှာအကြည်နှင့် ရသာ(၆)ပါးက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

www.dhammadownload.com



## ကိုယ်

ကာယအကြည်ကို မာမှု၊ ပျော့မှု၊ ပထဝီဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ်ဆိုတဲ့ ကာယဝိညာဏ် ပေါ်ပါသည်။ ကာယဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ ကာယဝိညာဏ်နှင့် သဟဇာတ ဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။ ကာယအကြည်နှင့် မာမှု၊ ပျော့မှုကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။ နာမက္ခန္ဓာ လေးပါးနှင့် ရူပက္ခန္ဓာပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

ကိုယ်အကြည်ကို ပူမှု၊ အေးမှု၊ တေဇောဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ပေါ်ပါသည်။ ပူမှု၊ အေးမှုကို ထိသိ တာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာက စေတသိက်။ စိတ်၊ စေတသိက်။ ကိုယ်အကြည်နှင့် ပူမှု၊ အေးမှုက ရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

ကိုယ်အကြည်ကို ထောက်ကန် လှုပ်ရှားမှု၊ ဝါယော ဖောဋ္ဌဗ္ဗတိုက်တော့ ထိသိစိတ် ပေါ်ပါသည်။ ထောက်ကန် လှုပ်ရှားမှုကို ထိသိတာက နာမ်တရား။ ကိုယ်အကြည်နှင့် ထောက်ကန် လှုပ်ရှားမှုက ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

www.dhammadownload.com



**စိတ်**

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ်ဆိုတဲ့ မနောဝိညာဏ် ပေါ်ပါသည်။ မနောဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ဖြစ်ပါသလား၊ မဖြစ်နိုင်ပါ။ မနောဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာက္ခန္ဓာစေတသိက်၊ သညာက္ခန္ဓာ စေတသိက်၊ သင်္ခါရက္ခန္ဓာစေတသိက် သုံးပါးပေါင်းတော့ နာမက္ခန္ဓာလေးပါးဖြစ်ပါသည်။ ဟာဒယဝတ္ထုနှင့် ဓမ္မာရုံကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာဖြစ်ပါသည်။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာ ပေါင်းတော့ **ခန္ဓာငါးပါး** ဖြစ်ပါသည်။

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ်ပေါ်ပါသည်။ ဓမ္မာရုံတရားအပေါ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ အနေနှင့် ကြံသိတာက စိတ်။ ဝေဒနာ၊ သညာ၊ စေတနာကစေတသိက်။ စိတ်၊ စေတသိက်။ ဟာဒယဝတ္ထုနှင့် ဓမ္မာရုံကရုပ်။ **စိတ်၊ စေတသိက်၊ ရုပ်**။

မနောအကြည်ကို ဓမ္မာရုံတိုက်တော့ ကြံသိစိတ်ပေါ်ပါသည်။ ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ အနေနှင့် ကြံသိတာက နာမ်တရား။ ဟာဒယဝတ္ထုနှင့် ဓမ္မာရုံက

www.dhammadownload.com



ရုပ်တရား။ **နာမ်၊ ရုပ်** နှစ်ပါး။

ခြောက်ဒွါရ ခန္ဓာဖွဲ့ကြည့်တော့ လူအစားစား၊ နတ်အစားစား ဗြဟ္မာအစားစား၊ တိရစ္ဆာန် အစားစား၊ ပြိတ္တာ၊ အသူရကာယ် အစားစား တွေ့တာလား၊ ခန္ဓာငါးပါး တွေ့တာလား . . . (ခန္ဓာငါးပါး တွေ့ပါတယ် ဘုရား)။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ မတွေ့တာ ရှိလို့လား၊ မရှိလို့လား . . . (မရှိလို့ပါ ဘုရား)။ မရှိရင် လူစွဲ၊ နတ်စွဲ၊ ဗြဟ္မာစွဲ စွဲစရာ လိုသေးသလား . . . (မလိုပါဘူး ဘုရား)။ တွေ့တဲ့တရားက လူ၊ နတ်၊ ဗြဟ္မာလား ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ဤခန္ဓာငါးပါးက ဘယ်ပုံဘယ်နည်း ရှိတာလဲ၊ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ရူပက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (ဖောက်ပြန် ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား)။ ဝေဒနာက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား)။ သညာက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား)။ သင်္ခါရက္ခန္ဓာ ဘယ်သဘော ရှိသလဲ . . . (စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား)။

www.dhammadownload.com



ဝိညာဏက္ခန္ဓာ ဘယ်သဘောရှိသလဲ . . . (သိ တတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား)။

ဤခန္ဓာငါးပါးက မြင်ပြီးရင် ပျက်၊ ကြားပြီးရင် ပျက်၊ နံပြီးရင် ပျက်၊ စားပြီးရင် ပျက်၊ ထိပြီးရင် ပျက်၊ သိပြီးရင် ပျက်ဆိုတော့ ခန္ဓာငါးပါးတွေ့သလား၊ မရှိတာတွေ့သလား . . . (မရှိတာ တွေ့ပါတယ် ဘုရား)။ မရှိရင် ဘယ်လိုစွဲမလဲ . . . (စွဲစရာ မရှိပါဘူး ဘုရား)။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါက အစကတည်းက မရှိခြင်းကြောင့် စွဲစရာလိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ ရှိတယ်ဆိုတဲ့ ခန္ဓာက ဖြစ်ပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ အစွဲခံရဲ့လား . . . (မခံပါဘူး ဘုရား)။ ဒီလိုဆို သက္ကာယဒိဋ္ဌိ ပြုတ်တာပေါ့။ သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ပုဂ္ဂိုလ် ကာယကံနဲ့ ပတ်သက်တဲ့ အကုသိုလ်၊ ဝစီကံနဲ့ ပတ်သက်တဲ့ အကုသိုလ်၊ မနောကံနဲ့ ပတ်သက်တဲ့ အကုသိုလ် ပြုဦးမလား . . . (မပြုတော့ပါဘူး ဘုရား)။ မပြုရင် ရှေးဆရာတော် သမားတော်တွေက သက်သတ်၊ ခိုးမှု၊ ကာမေသု၊ မုသား၊ မိစ္ဆာ၊ ကင်းပြတ်ကွာ၊ မှတ်ပါ သောတာပန်တဲ့ကွဲ့၊ ဘယ်လောက်များ အားရစရာ ကောင်းလဲနော်။

အသိနဲ့ ပြုတ်ရင် စူဠသောတာပန်ပေါ့။ အပွားနဲ့

www.dhammadownload.com



အပယ်နဲ့ ပြုတ်ရင် မဟာသောတာပန်ပေါ့။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ခန္ဓာသိဖို့ အဓိကပေါ့။ ခန္ဓာမသိရင် ကိလေသာချုပ်ဖို့ လွယ်ပါ့မလား . . . (မလွယ်ပါဘူး ဘုရား)။ စဉ်းစားနော်။ ကိလေသာဆိုတဲ့ တရားတွေဟာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ပေါ့ ။ ဤခန္ဓာကို မှီပြီးမှ ဖြစ်ကြရတာကိုး။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက်တွေကွဲ့နော်။ သို့သော်လည်း သက္ကာယဒိဋ္ဌိဖြုတ်တဲ့ နေရာမှာ ဥပမာလေး လိုသေးတယ်နော်။ မကြားစဖူး ကြားဖူးထပ်မံပေါ့။

နှီးသပ် ကောင်းကောင်း၊ တောင်းယက် ကောင်းကောင်းပေါ့။ တောင်းတစ်လုံးစာ နှီးလေး ရှေ့မှာပုံထားလိုက်နော်။ အနားက လူ လေး၊ ငါး၊ ခုနစ်ယောက်က ရပ်ကြည့်နေတာကိုး။ နှီးပုံကို မမြင်ရဘူးလား . . . (မြင်ရပါတယ် ဘုရား)။ ရေလေး ဖြန်းလိုက်နော်။ ငါးမိနစ်လောက်ကျတော့ ကိုင်လို့ တွယ်လို့ မကောင်းဘူးလား . . . (ကောင်း ပါတယ် ဘုရား)။ ပျော့ပျော့ ပျဉ်းပျဉ်းပေါ့ ။ အဲဒီတော့ သုံးချောင်းချ နှစ်ချောင်းမ ပေါ့။ နှစ်ချောင်းချ သုံးချောင်းမ ပေါ့။ နာရီဝက်လောက်ကြာတဲ့အခါ တောင်းတစ်လုံး ပြီးသွားတယ်။ တော်တုန်းက ပုံထားတဲ့ နှီးတွေဟာ ဘယ်ကိုရောက်သွား

www.dhammadownload.com



သလဲ၊ အဲဒီ နှိုးဆိုတာကြည့်၊ တော်တုန်းက တွေ့တာ နှိုးတွေ့တာနော်။ အခု တွေ့တာကျတော့ခါ နှိုးလား တောင်းလား . . . (တောင်းပါ ဘုရား)။ အဲဒီ နှိုးက ဘယ်ကိုရောက်သွားတာလဲ၊ စဉ်းစားနော်။ ပျောက်သွားတာလား၊ မရှိတာလား . . . (မရှိတာပါ ဘုရား)။ စဉ်းစားနော်။ပျောက်ရင် ရှာလို့တွေ့ရမှာပေ့ါ။ အစကတည်းလို့ မရှိဘူးကွဲ့။

ထင်တော့ နှိုးလို့ မထင်ဘူးလား . . . (ထင်ပါတယ်ဘုရား)။ အခုတွေ့တာက နှိုးလား၊ တောင်းလား . . . (တောင်းပါ ဘုရား)။ တောင်းပဲတွေ့တယ်နော်။ ကဲ အဲဒီတောင်း အစသတ်တဲ့နေရာက အကုန်လုံး ပြန်ဖြုတ်ကြည့်နော်။ အဲဒီလို ဖြုတ်ကြည့်လိုက်တဲ့ အခါကျတော့ တောင်းတွေ့သလား၊ နှိုးတွေ့သလား . . . (နှိုးတွေ့ပါတယ် ဘုရား)။ အဲဒီတောင်းက ဘယ်ရောက်သွားတာလဲကွဲ့၊ စဉ်းစားနော်။ တောင်းလို့တော့ မထင်ဘူးလား . . . (ထင်ပါတယ် ဘုရား)။ ရှိတယ်လို့ မယူလား . . . (ယူပါတယ် ဘုရား)။ အခု လေ့လာကြည့်တော့ တောင်းတွေ့သလား၊ နှိုးတွေ့သလား . . . (နှိုးတွေ့ပါတယ် ဘုရား)။ စဉ်းစားနော်။ ကိုယ့်စိတ်မှာ ဖြစ်တာ။ ခန္ဓာမှာဖြစ်တာ မဟုတ်ဘူးကွဲ့နော်။ ကဲ လက်တွေ့ မျက်တွေ့ အများ ကျေနပ်လောက်အောင် လေ့လာဖို့လိုတာပေ့ါ။

www.dhammadownload.com



နှီးထင်လို့ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်နော်။ နှီးတွေ့မလား၊ မာတာတွေ့မလား . . . (မာတာတွေ့ပါတယ် ဘုရား)။ နှီးတွေ့မလား၊ ပျော့တာတွေ့မလား . . . (ပျော့တာ တွေ့ပါတယ် ဘုရား)။ မာတာက ပထဝီပေါ့။ ပျော့တာက ပထဝီပေါ့။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ မာတာ ပျော့တာဘဲ တွေ့တယ်နော်။ ထင်တော့ နှီးလို့ မထင်လား . . . (ထင်ပါတယ် ဘုရား)။ ကိုင်စမ်းကြည့်တော့ နှီးလား၊ မာတဲ့ သဘောလား . . . (မာတဲ့သဘောပါ ဘုရား)။ နှီးလား၊ ပျော့တဲ့ သဘောလား . . . (ပျော့တဲ့ သဘောပါ ဘုရား)။ မာတာနဲ့ ပျော့တာပဲ တွေ့တယ်။ တောင်းထင်လို့ ကိုင်စမ်းကြည့် တောင်းတွေ့သလား၊ မာတာ တွေ့သလား . . . (မာတာ တွေ့ပါတယ် ဘုရား)။ ဘာဖြစ်လို့ တောင်းမတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိဘူးဆိုတာ မာသဘော၊ မာဓာတ်၊ မာပရမတ်က သက်သေမခံလား . . . (သက်သေခံပါတယ် ဘုရား)။ အဲဒီပေါ်မှာ တောင်းလို့ နှလုံးသွင်းမှားတာ။ မာတာနဲ့ ပျော့တာ အပေါ်မှာ နှီးလို့ နှလုံးသွင်းမှားတာ။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာဖို့ လိုတယ်နော်။

www.dhammadownload.com



အခုလည်း ခြေအစ ခေါင်းအဆုံး တစ်ကိုယ်လုံး လူထင်လို့ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်နော်။ ပူနွေးနွေး မတွေ့ဘူးလား . . . (တွေ့ပါတယ် ဘုရား)။ လူလား၊ တေဇောဓာတ်လား . . . (တေဇောဓာတ်ပါ ဘုရား)။ တနည်းအားဖြင့် အေးတာ မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ လူလား၊ တေဇောဓာတ်လား . . . (တေဇောဓာတ်ပါ ဘုရား)။ အေးတာ သီတတေဇောပေ့ါ။ ပူတာ ဥဏှတေဇောပေ့ါ။ ပူတယ်၊ အေးတယ်သိတာ သူ၊ ငါလား ကာယဝိညာဏ်လား . . . (ကာယဝိညာဏ်ပါ ဘုရား)။ ကာယဝိညာဏ်က နာမ်တရား မရလား . . . (ရပါတယ် ဘုရား)။ ပူတာ၊ အေးတာက ရုပ်တရား မရလား . . . (ရပါတယ် ဘုရား)။ နာမ်၊ ရုပ် နှစ်ပါးပေ့ါ။

ကဲ ထင်တာက လူလို့ မထင်လား . . . (ထင်ပါတယ် ဘုရား)။ တွေ့တာက လူလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ နာမ်၊ ရုပ်ပဲ တွေ့တယ်နော်။ ဘာဖြစ်လို့ လူမတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိရင် ဘယ်လိုစွဲမလဲ . . . (စွဲစရာ မရှိပါဘူး ဘုရား)။ အဲဒါ သိဖို့ လွယ်ပါတကားကွဲ့။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက်တွေကွဲ့နော်။ ဒါကြောင့်

www.dhammadownload.com



သိ၊ ပယ်၊ ဆိုက်၊ ပွား လေးပါးကိစ္စ မဂ်တခဏာလို့ မဟော ဘူးလား . . . (ဟောပါတယ် ဘုရား)။ ဒါကလွဲလို့ တရားပွား စရာမရှိဘူး။ ကဲ မရသေးတဲ့ပုဂ္ဂိုလ် ရလေအောင် သစ္စာဖွဲ့...

## သစ္စာဖွဲ့နည်း

**ဝေဒနာက္ခန္ဓာ**

ဝေဒနာက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ဝေဒနာက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာ တာက **နိရောဓသစ္စာ**။

www.dhammadownload.com



## သညာက္ခန္ဓာ

သညာက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

သညာက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက **နိရောဓသစ္စာ**။

## သင်္ခါရက္ခန္ဓာ

သင်္ခါရက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘတဏှာ **သမုဒယသစ္စာ**။

သင်္ခါရက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

www.dhammadownload.com



ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာ တာက **နိရောဓသစ္စာ**။

## ဝိညာဏက္ခန္ဓာ

ဝိညာဏက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ဝိညာဏက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာ တာက **နိရောဓသစ္စာ**။

www.dhammadownload.com



**ရူပက္ခန္ဓာ**

ရူပက္ခန္ဓာ တရားပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ **သမုဒယသစ္စာ**။

ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက **ဒုက္ခသစ္စာ**။

ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ **မဂ္ဂသစ္စာ**။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာ တာက **နိရောဓသစ္စာ**။

သစ္စာလေးပါးသိမှ သောတာပန်၊ သစ္စာလေးပါး သိမှ သကဒါဂါမ်၊ သစ္စာလေးပါးသိမှ အနာဂါမ်၊ သစ္စာလေး ပါးသိမှ ရဟန္တာနော်။ သစ္စာလေးပါးကို မသိရင် သောတာပန် ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူး ဘုရား)။ သောတာပန် မဖြစ်ရင် ဘုရား၊ ရဟန္တာ ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူး ဘုရား)။ သောတာပန်က စရတယ်နော်။ သစ္စာလေးပါးကို မသိတာ . . . (အဝိဇ္ဇာပါ ဘုရား)။ ခန္ဓာငါးပါးကို မသိတာ . . .

www.dhammadownload.com



(အဝိဇ္ဇာပါ ဘုရား)။ ဤခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါလို့ နှလုံးသွင်းမှားတာ . . . (အဝိဇ္ဇာပါ ဘုရား)။ နှလုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ . . . (တဏှာပါ ဘုရား)။ မရရင် မနေဘူးလို့ စွဲလမ်းတာ . . . (ဥပါဒါန်ပါ ဘုရား)။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဤသုံးခု သစ္စာဖွဲ့တော့ ဘာသစ္စာလဲ . . . (သမုဒယသစ္စာပါ ဘုရား)။ လူလား၊ သမုဒယသစ္စာလား. . . (သမုဒယသစ္စာပါ ဘုရား)။ နတ်လား၊ သမုဒယသစ္စာလား . . . (သမုဒယ သစ္စာပါ ဘုရား)။ ဗြဟ္မာလား၊ သမုဒယသစ္စာလား . . . (သမုဒယသစ္စာပါ ဘုရား)။ သားတွေ သမီးတွေလား၊ သမုဒယသစ္စာလား. . . (သမုဒယသစ္စာပါ ဘုရား)။

သမုဒယသစ္စာလို့ သိတာ သူ၊ ငါလား၊ မဂ္ဂသစ္စာလား . . . (မဂ္ဂသစ္စာပါ ဘုရား)။ မဂ္ဂသစ္စာက သိတာနော်။ သမုဒယ အကြောင်းရှိသမျှ အကျိုးခန္ဓာ မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ ပေါ်နေတာ လူလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ နတ်လား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ဗြဟ္မာလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟူသရွေ့ အို၊ နာ၊ သေ လွတ်ရဲ့လား . . . (မလွတ်ပါဘူးဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ

www.dhammadownload.com



ဘုရား)။ လူချမ်းသာလား၊ ဒုက္ခသစ္စာလား . . . (ဒုက္ခသစ္စာပါ ဘုရား)။ နတ်ချမ်းသာလား ဒုက္ခသစ္စာလား . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဗြဟ္မာချမ်းသာလား ဒုက္ခသစ္စာလား . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာလို့ အမှန်ပိုင်းခြားသိ သမ္မာဒိဋ္ဌိလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ နှလုံးသွင်းမှားတဲ့ မိစ္ဆာဒိဋ္ဌိ မချုပ်လား . . . (ချုပ်ပါတယ် ဘုရား)။ မိစ္ဆာဒိဋ္ဌိချုပ်ဖို့ အရေးကြီးတာနော်။ အရင်းလဲတော့ အဖျားထင်းဖြစ်တယ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ မိစ္ဆာဒိဋ္ဌိဆိုတာ အဝိဇ္ဇာချုပ်လိုက်ရင် တဏှာလာဦးမလား . . . (မလာတော့ပါဘူး ဘုရား)။ မိုးကုတ်ဆရာတော်ဘုရားကြီးက ဒုက္ခသစ္စာပိုင်းခြားသိတဲ့အချိန်ကို အဝိဇ္ဇာချုပ်ပြီနော်။ တဏှာနဲ့ ဥပါဒါန်က မလာပဲနဲ့ ချုပ်တယ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အနုပ္ပါဒ နိရောဓပေါ့။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အာသဝ အနေနဲ့ ကာမာသဝနှင့် ဘဝါသဝ ချုပ်တယ်နော်။ ရှေ့ပိုင်းက ခန္ဓာသိတုန်းက ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တာပေါ့။ အာသဝေါတရား လေးပါး မကုန်လား . . . (ကုန်ပါတယ် ဘုရား)။ သမုဒယသစ္စာ မသေလား

www.dhammadownload.com



. . . (သေပါတယ် ဘုရား)။ နောက်ခန္ဓာ ဇာတ်မသိမ်း လား . . . (သိမ်းပါတယ် ဘုရား)။ နိရောဓသစ္စာလို့ မဟောဘူး လား . . . (ဟောပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက် တွေကွဲ့။ နှလုံးသွင်း မှန်တာနဲ့ မှားတာပဲ လိုတယ်နော်။

မကြားစဖူး ကြားဖူးထပ်မံပေါ့၊ ရှေးအထက်ကျော် ကာရီက တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်ကြီး တောလည် ကစားသွားတာပေါ်။ မျက်စိလည် လမ်းမှားပြီးတော့ ဆင်ကန်း တောတိုး တိုးသွားတာပေါ့နော်။ လေး၊ ငါးရက် ကြာညောင်း သွားပြီးပေါ့။ အဲဒီမှာလည်း ခြံကသူ့အကွက် ကိုယ့်အကွက် တွေပေါ့နော်။ ခါတိုင်းကတော့ ဆုံမိကြတာပေါ့။ ဒီနေ့ကျ တော့ အမျိုးသမီးလေး တစ်ယောက်တည်းပေါ့။ သူကလည်း ဆာလောင် မွတ်သိပ်ပြီးတော့ အစာပြတ် ရေငတ်လာခဲ့ တာနော်။ လူရှိတဲ့ဆီ လာတော့တာပေါ့။ အနားရောက်တဲ့ခါ ရေရှိရင် မစပါလို့ မတောင်းလား . . . (တောင်းပါတယ် ဘုရား)။ ဦးရယ် ဒီနေ့တော့ ရေမယူခဲ့ဘူးပေါ့။ ကြံရည် သုံးဆောင်မယ်ဆိုရင် ပေးမှာပေါ့။ အဲဒီလိုဆိုရင် ကြံရည်ပေး စမ်းပါလို့ မတောင်းဘူးလား . . . (တောင်းပါတယ် ဘုရား)။

ရှေးကလည်း ကျတော့ ပုဂံ၊ ခွက်ယောက် လုပ်တဲ့ သူတွေ မမွေးသေးဘူးကွဲ့။ ဝါးကျည်တောက်တွေ သုံးရတာ

www.dhammadownload.com



ကွဲ့နော်။ သစ်စေးခွက်တွေ သုံးရတာပေါ့။ မြေခွက်တွေ သုံးရတာပေါ့။ တောထဲ တောင်ထဲ ဝါးပေါ့။ အဲဒီ ဝါးကျည် တောက်လေးကို ခန့်မှန်းခြေ သုံးဆယ် သားလောက် ရှိမှာ ပေါ့။ ကြံပင်တွေ ခုတ်ကြည့်တော့ ကြွက်မြီးတန်း ထွက်လာ ခဲ့တယ်နော်။ အဲဒါ ပေးလိုက်တာပေါ့။

သူကလည်း အစာပြတ် ရေငတ်လာခဲ့တော့ မြိန်မြိန် ယှက်ယှက် အားရပါးရကြီး ဖြစ်မလာဘူးလား . . . (ဖြစ်လာပါတယ် ဘုရား)။ သူ့စိတ်ထဲက ဖောက်ပြန်လာ ပြီနော်။ နန်းတော် ရောက်တဲ့အခါ ဒီကြံခင်းသိမ်းဖို့ စိတ်ကူးမထည့်လား . . . (ထည့်ပါတယ် ဘုရား)။ အမျိုး သမီးကိုလည်း ကာယကံ မြောက်အောင် ပြစ်မှားဖို့ စိတ်ကူး မထည့်လား . . . (ထည့်ပါတယ် ဘုရား)။ အဲဒါ ကုသိုလ်လား အကုသိုလ်လား . . . (အကုသိုလ်ပါ ဘုရား)။ အကုသိုလ် နော်။ နောက်တစ်ခွက် ပေးစမ်းပါဦးကွာ၊ သောက်ရတာ အားမရသေးဘူးပေါ့။ တစ်ပင်ဆက်ပြီးတော့ မခုတ်ဘူးလား . . . (ခုတ်ပါတယ် ဘုရား)။ ကြံရည်ထွက်ရဲ့လား . . . (မထွက်ပါ ဘုရား)။ တစ်ပင်က နှစ်ပင်၊ နှစ်ပင်က သုံးပင် ဆက်ခုတ်တာ ဆယ်ပင်ထိ ဆက်ခုတ်တာနော်။ ကြံရည် တစ်စက်မှ မထွက်ဘူးကွဲ့။ တော် တုန်းက ထွက်ပါတယ်

www.dhammadownload.com



အခု ဘာဖြစ်လို့ မထွက်သလဲလို့ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ ဟိုက အမျိုးသမီးကလည်း ရိုးရိုးကိုး။ မပြောတတ်ဘူးတော်၊ ရှေးသူဟောင်း ပြောတာတော့ ကြားဖူးတာပေါ့။ ဘယ်လိုတွေ ကြားဖူးသလဲလို့ ပြန်မမေးဘူးလား. . . (မေးပါတယ် ဘုရား)။ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းများ မင်းကျင့်တရားဆယ်ပါးနဲ့ မညီညွတ်ရင် မိုးခေါင်တယ်လို့ ကြားဖူးတယ်။ ဒီစကားလေးကို သူကသုံးလိုက်တာနော်။ ဟိုကကြားတဲ့ အပြောခံရတဲ့လူက ရှင်ဘုရင် မဖြစ်ဘူးလား . . . (ဖြစ်ပါတယ် ဘုရား)။ မှားမှန်း သိပြီနော်။ မှားမှန်း သိတော့တာပေါ့။ အဲဒီတော့ မှားမှန်းသိတဲ့အခါ ဝန်ခံတာပေါ့။ အဲဒီတော့ ကြံအရသာကောင်းလွန်းလို့နော်။ မင်း အပေါ်လဲ ကာယကံမြောက် ပြစ်မှားဖို့ပေါ့နော်။ အဲဒီ အပြစ်တွေ ခွင့်လွှတ်ပါလို့ မတောင်းပန်ဘူးလား . . . (တောင်းပန်ပါတယ် ဘုရား)။ အသင်မှားတာ ငါဘာသိမလဲ။ ကာယကံက မမြောက်တော့ သိပ့်မလား . . . (မသိပါဘူး ဘုရား)။ ဝစီကံက မမြောက်တော့ သိပ့်မလား . . . (မသိပါဘူး ဘုရား)။ မနောကံတော့ ဘယ်သိမလဲကွဲ့။ ကဲ လူက သိရဲ့လား . . . (မသိပါဘူး ဘုရား)။ လူက မသိ ခါတ်က သိပါတကားကွဲ့။ လိမ်မယ်လို့ စိတ်ကူးမထည့်နဲ့။

www.dhammadownload.com



အပါယ်ငရဲက လွတ်ပဲ့မလားဟေ့ . . (မလွတ်ပါဘူး ဘုရား)။ လူက မသိ ဓါတ်က သိတယ်နော်။ ယုံကြည်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒီလို စိစစ်ဖို့လိုတယ်နော်။ ကဲ ဘယ်လောက်များ ထင်ရှားသလဲ၊ ကြားရဲ့လား။

အဲဒါနဲ့ မှားတဲ့အကျိုးအပြစ်ကို တောင်းပန်ရတာပေါ့။ ကိုယ်တိုင် ပြစ်မှားခဲ့တဲ့ စိတ်နေစိတ်ထားတွေကို ပြောပြီးတော့ တောင်းပန်ရတာနော်။ အဲဒီလို ကြံရည်ကောင်းခြင်းကြောင့် ကြံခင်းကိုလည်း သိမ်းဖို့ စိတ်ကူးထည့်တယ်နော်။ မင်းကိုလည်း ကာယကံမြောက်အောင် စိတ်ကူးထည့်တယ်နော်။ အခုလူတွေက အဲဒီလို မပါဘူး။ မတော်လို့များ မှားရင် ခွင့်လွှတ်ပါတဲ့၊ ဖုံးထားတာ ဖုံးထားတာ။ စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အကုန်လုံးဖွင့်ပြောရတာ။ အဲဒါမှ ပြေတာကွဲ့။ ကိုယ်လိမ်တာတွေ ကျန်နေ၊ ဘယ်ဖြစ်မလဲဟေ့။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာ . . . ။ ထိထိမိမိ စဉ်းစားကြနော်။ အဲဒီလို အကျိုးအပြစ်တွေ ပြောပြီး တောင်းပန်တော့ခါ မှားမှန်းသိလို့ တောင်းပန်တာ အကုသိုလ်လား၊ ကုသိုလ်လား . . . (ကုသိုလ်ပါ ဘုရား)။ ကဲ နောက်ထပ်တစ်ခွက် ပေးစမ်းပါဦးလို့ မတောင်းဘူးလား . . . .

www.dhammadownload.com



(တောင်းပါတယ် ဘုရား)။ နောက်တစ်ကြိမ် ခုတ်တော့ခါ ကြံရည် ထွက်မလာဘူးလား . . . (ထွက်ပါတယ် ဘုရား)။ အဲဒါ ကုသိုလ်ကြောင့် ဖြစ်တာနော်။ အကုသိုလ်တုန်းက ကြံရည်ထွက်လား . . . (မထွက်ပါဘူး ဘုရား)။ ကုသိုလ် ကြောင့် ကြံရည်ထွက်မလာဘူးလား . . . (ထွက်လာပါတယ် ဘုရား)။ အဲဒါကြောင့် ကုသိုလ်နဲ့ အကုသိုလ် ယုံကြည်ဖို့ မလိုလား . . . (လိုပါတယ် ဘုရား)။ ကမ္မဿကတာသမ္မာဒိဋ္ဌိ ကံ၊ ကံ၏အကျိုးကို ယုံကြည်ရမယ်နော်။

အခုသူက ဇာတာကောင်းတယ်၊ ငါက ဇာတာညံ့ တယ်၊ သူက ကံကောင်းတယ်၊ ငါက ကံဆိုးတယ်လို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ ကိုယ့်ကိုယ် ကံဆိုးရင် ပြင်မှပဲ့ါကွဲ့။ ဘာတွေ ဆိုးတာလဲ စိစစ်ဖို့ မကောင်း လား . . . (ကောင်းပါတယ် ဘုရား)။ သူများကို ပြစ်မှား တာတွေ ဖြစ်မှာပေ့ါ။ ကာယကံနဲ့ ပြစ်မှားတာလေ။ ဝစီကံနဲ့ ပြစ်မှားတာလေ။ မနောကံနဲ့ ပြစ်မှားတာလေ။ အဲဒါ ပြုပြင် ပေးမှပေ့ါဗျ။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါလိုတာပေ့ါ။ ကိုယ့်စေတနာအတိုင်း အကျိုး ပေးတယ်လို့ ဘုရားဟော မဟော . . . (ဟောပါတယ် ဘုရား)။ သူ့စေတနာ အတိုင်းအကျိုးပေးတာ၊ ဒါ ယုံကြည်ဖို့

www.dhammadownload.com



မကောင်းဘူးလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုတယ်နော်။ အဲဒါ ဘယ်ဆီမှာ ကျေးဇူးပြုတာလဲ နှလုံးသွင်း မှန်တာ၊ မှားတာ စိစစ်ဖို့ လိုတာပေါ့။

ကြံရည်ရဲ့အရသာ ကောင်းလွန်းလို့ပေါ့။ ချိုအရသာ ရူပက္ခန္ဓာတရား အပေါ်မှာ ကြံရည်အနေနှင့် သောက်ချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘတဏှာ သမုဒယသစ္စာ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ လောဘ တဏှာ သမုဒယသစ္စာ အကြောင်းရှိတော့ အကျိုးခန္ဓာ မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ ခန္ဓာပေါ်ရင် အို၊ နာ၊ သေ လွတ်ရဲ့လား . . . (မလွတ်ပါဘူး ဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ သမုဒယကြောင့် ဒုက္ခပေါ့။ ဘယ်လောက်ထင်ရှားလဲနော်။ ချိုအရသာ ရူပက္ခန္ဓာတရား ၏ ဖြစ်ခြင်း၊ ပျက်ခြင်းက ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာလို့ ပိုင်းခြားလို့သိတာက . . . (သမ္မာဒိဋ္ဌိ ဂ္ဂသစ္စာ ပါ ဘုရား)။ သမုဒယသစ္စာ သေတာ နဲ့ နောက်ခန္ဓာ မလာတာ . . . (နိရောဓသစ္စာပါ ဘုရား)။ အဲဒီလို စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာကြကွဲ့နော်။

တစ်ခါ နံ့သာပု ငှက်ပျောသီးပေါ့၊ ပင်ထက်မှည့်

www.dhammadownload.com



နံ့သာပုဌက်ပျောသီးနော်။ ပင်ထက်မှည့်ဆိုတော့ အုပ်တာထက် ပိုပြီးတော့မှ အရသာပြည့်စုံတာပေါ့။ ကဲ ငှက်ပျောသီးစားကြည့်လိုက် ဘယ်လိုတွေ့မလဲ . . . (ချိုအရသာတွေ့ပါတယ် ဘုရား)။ စားတာက ချိုတာကို စားတာလား ငှက်ပျောသီး စားတာလား . . . (ငှက်ပျောသီး စားတာပါ ဘုရား)။ တွေ့တာက ငှက်ပျောသီးလား ချိုတဲ့အရသာလား . . . (ချိုတဲ့အရသာပါ ဘုရား)။ အဲဒီချိုတာကို မျက်စိနဲ့ကြည့် မြင်ရပါ့မလား . . . (မမြင်ရပါဘူး ဘုရား)။ လက်နဲ့ ကိုင်စမ်းကြည့် တွေ့ပါ့မလား . . . (မတွေ့ပါဘူး ဘုရား)။ နမ်းကြည့်ရင်ကော တွေ့ပါ့မလား . . . (မတွေ့ပါဘူး ဘုရား)။ နားထောင်ကြည့်ရင်ကော တွေ့ပါ့မလား . . . (မတွေ့ပါဘူး ဘုရား)။ လျှာနဲ့ကျတော့ မသိနိုင်ဘူးလား . . . (သိနိုင်ပါတယ် ဘုရား)။ ကဲ အကောင်ထည် ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ အတုံး၊ အတစ်၊ ပုံပန်း သဏ္ဌာန် ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ သဘောအနေနဲ့ မထင်ရှား ဘူးလား . . . (ထင်ရှားပါတယ် ဘုရား)။ အဲဒီလို စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ချိုရသာ ရူပက္ခန္ဓာတရား အပေါ်မှာ နံ့သာပု ငှက်ပျောသီး အနေနှင့် စားချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက

www.dhammadownload.com



လောဘတဏှာ သမုဒယသစ္စာပေါ့။ လောဘတဏှာ သမုဒယသစ္စာ အကြောင်းရှိတော့ အကျိုးခန္ဓာ မရလား . . . (ရပါတယ် ဘုရား)။ ခန္ဓာရရင် အို၊ နာ၊ သေ လွတ်ပါ့ မလား . . . (မလွတ်ပါဘူး ဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ စဉ်းစားနော်။ ချိုအရသာ ရူပက္ခန္ဓာတရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာလို့ ပိုင်းခြားလို့ သိတာက . . . (သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာပါ ဘုရား)။ သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာ . . . (နိရောဓသစ္စာပါ ဘုရား)။ ဒါ သစ္စာလေးပါး တစ်စုံနော်။ အဲဒီတစ်စုံကိုသိမှ သောတာပန် ဖြစ်တာ။ ပယ်ရမှာက သမုဒယ၊ ဒုက္ခပေါ့။ လက်ခံသိမ်းပိုက် ရမှာက မဂ္ဂ၊ နိရောဓလို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက်တွေကွဲ့နော်။

မကြားစဖူး ကြားဖူးထပ်မံ၊ ဝတ္ထုလေးထုတ်ပြီး တော့မှ တရားသိမ်းတာပေါ့။ ရှေးအထက်ကျော်ကာရီက ရာဇဂြိုဟ်ပြည်၊ ရာဇဂြိုဟ်မြို့မှာနော်။ ဆေးဆရာကြီး ဇီဝက ပေါ့။ ကျောင်းတိုက်မှာရှိတဲ့ သံဃာတွေကို အကုန်လုံးပင့်တာ ကိုး။ သီတင်း ဝါလကျွတ်လို့ လပြည့်ကျော် တစ်ရက်၊

www.dhammadownload.com



နှစ်ရက်ပေါ့နော်။ အဲဒီလိုပင့်တယ်။ ပင့်တဲ့အခါမှာ အဲဒါ တစ်ဝါတွင်းလုံး၊ နယုန်လကစ စာပေပရိယတ် သင်တာပေါ့။ မဟာပန်နဲ့ စူဠပန် နော်။ တစ်ဝါတွင်းသာ၊ သီတင်းဝါလသာ ကျွတ်တယ် စာကတစ်လုံးမှ မတတ်။ စာကတစ်လုံးမှ မတတ်ပဲ ကျောင်းမှာနေလို့ မသင့်ဘူးပေါ့။ အိမ်ကိုပြန်လို့ နောင်တော်က မနှင်ဘူးလား . . . (နှင်ပါတယ် ဘုရား)။ အိမ်ကို ပြန်ပြီးတော့ တောင်သူလုပ်ပြီးတော့ မိဘကို ကျွေးပေါ့။ အဲဒီ ကုသိုလ်ကြောင့် လာမယ့်ဘဝမှာ စာသင် တတ် မှာပေါ့။ တရားအားထုတ်လဲ ပေါက်လွယ်မှာပေါ့။ အဲဒီလို အပြန်ခိုင်းတယ်နော်။ အိမ်ကိုပြန်ရမှာလည်း မပြန်ချင်ဘူးပေါ့။ ငေးမှိုင်နေတော့တာပေါ့။ တံခါးပေါက် အနောက်ပေါက် မုခ်ပေါက်ကို ရောက်သွားပြီနော်။ မုခ်ပေါက်မှာ စဉ်းစားနေတာပေါ့။

မြတ်စွာဘုရားက မုခ်ပေါက်က ဝင်လာခဲ့တာ။ ဝင်လာခဲ့တော့ စူဠပန်နဲ့ သွားတွေ့တာပေါ့။ ဟဲ့ စူဠပန် ပါလား။ မှန်လှပါ ဘုရား၊ နေကောင်းရဲ့လား၊ ကောင်းပါ တယ်ဘုရားလို့ မလျှောက်လား . . . (လျှောက်ပါတယ် ဘုရား)။ ကောင်းတယ်လို့သာ ပြောတယ် မျက်နှာကြည့် ရတာ မျက်ရည်နဲ့ မျက်ခွက်ပေါ့။ ဘယ်လိုတွေ ဖြစ်တာလဲလို့

www.dhammadownload.com



မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ မြတ်စွာဘုရား သိတာပေါ့ကွ။ မေးဖို့ဟာက ရှိနေတာနော်။ တစ်ဝါတွင်းလုံး စာပေပရိယတ် သင်တဲ့ကိစ္စ တစ်လုံးမှ မတတ်ဘူးပေါ့။ နောင်တော်ဖြစ်တဲ့ မဟာပန်က မင်းကျောင်းမှာနေလို့ မသင့်ဘူးပေါ့။ အိမ်ကို ပြန်ပြီးတော့မှ တောင်သူလုပ်၊ တောင်သူလုပ်ပြီးတော့ မိဘနှစ်ပါးကို ကျွေး၊ အဲဒီ ကုသိုလ်ကောင်းမှုဟာ လာမယ့် ဘဝမှာ စာသင်တတ်လွယ်မှာပေါ့။ တရားအားထုတ်လည်း ပေါက်လွယ်မှာပေါ့။ အဲဒီလို အပြန်ခိုင်းတယ် မပြောရဘူးလား . . . (ပြောရပါတယ် ဘုရား)။

မြတ်စွာဘုရားက အတိတ်ကို ကြည့်လိုက်တာပေါ့နော်။ အဲဒီ စူဠပန်က အတိတ်ဘဝ၊ ငါးဘဝခြား တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်ကြီး ဖြစ်ခဲ့တာကိုး။ ရှင်ဘုရင် တောလည်ကစားသွားတာ တပေါင်း တန်ခူးပေါ့။ သစ်ရွက်တွေက တစ်ဝက်လောက် ကြွေသွားပြီနော်။ ကြည့်လိုက်တော့ အရိပ်အာဝါသ ကောင်းတဲ့အောက်မှာ နားလို့ ချွေးတွေ ထွက်ပြီးတော့လည်း လက်ကိုင်ပဝါ အိတ်ကပ်ထဲက ထုတ်ပြီးတော့မှ ချွေးတွေမသုတ်ဘူးလား . . . (သုတ်ပါတယ် ဘုရား)။ ချွေးတွေ မသုတ်ခင်က လက်ကိုင်ပဝါလေးဟာ ဖွေးဖွေးလေးနော်။ ချွေးတွေသုတ်တော့ ညစ်မသွားဘူးလား . . .

www.dhammadownload.com



(ညစ်သွားပါတယ် ဘုရား)။ သင်္ခတသင်္ခါရာ အနိစ္စပေါ့။ အဲဒီတော့ သမ္မုတိ အနိစ္စ။ အဲဒီတုန်းက ပရမတ် အနိစ္စ ဆိုရင်တော့ သောတာပန်၊ သကဒါဂါမ် ဖြစ်မှာပေါ့။ သမ္မုတိ အနိစ္စကိုး။

အဲဒါ အတိတ်ကို ဆောင်ပြီးတော့ မြတ်စွာဘုရား က လက်ကိုင်ပဝါလေး ပေးထားတာပေါ့။ အဲဒီ လက်ကိုင် ပဝါလေးကိုသာ ကိုင်ပြီးတော့မှ ပွတ်နေလို့ မခိုင်းဘူးလား . . . (ခိုင်းပါတယ် ဘုရား)။ **ရဇော ဟရဏံ**ပေါ့။ ဒါ ပွတ်နေ တာပဲနော်။ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ကို ကြွသွားတာပေါ့။ ဘုရားကို စောင့်နေကြတာ ဟိုက ရဟန်းတွေကနော်။ မြတ်စွာဘုရား ကြွတဲ့အခါ ကဲ ဆွမ်း၊ ကွမ်းကိစ္စ ပြင်ကြ၊ ပြင်ကြ၊ မခိုင်းဘူးလား . . . (ခိုင်းပါတယ် ဘုရား)။ မြတ်စွာ ဘုရားက နေဦး၊ နေဦး မပြင်နဲ့ဦးပေါ့။ သံဃာတွေ ပြည့်စုံပြီ လားလို့ မမေးဘူးလား . . . (မေးပါတယ် ဘုရား)။ ပြည့်စုံ ပါပြီ ဘုရားလို့ မလျှောက်ဘူးလား . . . (လျှောက်ပါတယ် ဘုရား)။ စူဠပန်ပါလားလို့ မမေးလား . . . (မေးရပါတယ် ဘုရား)။ ကြည့်တော့ပါရဲ့လား. . . (မပါပါဘူး ဘုရား)။ မပါဘူး။

အဲဒါ ဥပသကာတစ်ယောက်ကို ကျောင်းက ပင့်ခိုင်း

www.dhammadownload.com



လိုက်တာနော်။ အဲဒီ လက်ကိုင်ပဝါကလေးကို ပထမ ပွတ်ဖန်များတဲ့အခါ မပွတ်ခင်က မညစ်ခင် ဖွေးဖွေးကလေး မနေဘူးလား . . . (နေရပါတယ် ဘုရား)။ ပွတ်ဖန်များတော့ ခါ ညစ်မသွားလား . . . (ညစ်သွားပါတယ် ဘုရား)။ ကဲ ဖွေးဖွေးကလေးလို့ မြင်တဲ့စိတ်ဟာ ရှိသေးရဲ့လား . . . (မရှိတော့ပါဘူး ဘုရား)။ ဖွေးဖွေးကလေးလို့ မြင်တဲ့ ခန္ဓာ ရှိသေးရဲ့လား . . . (မရှိတော့ပါဘူး ဘုရား)။ အဲဒီ ခန္ဓာက အနိစ္စ ရောက်သွားပြီကွဲ့။ အစအနကို မရှိတော့ဘူးနော်။ ညစ်တဲ့ခန္ဓာက ဝင်လာခဲ့တာ။ ဆက်ပြီးတော့ မပွတ်ရဘူးလား . . . (ပွတ်ရပါတယ် ဘုရား)။ ပွတ်ဖန်များတော့ စုတ်ပြတ် ပြီးတော့ မသွားလား . . . (သွားပါတယ် ဘုရား)။ ညစ်တဲ့ ခန္ဓာ ရှိသေးရဲ့လား . . . (မရှိတော့ပါဘူး ဘုရား)။ ညစ်တဲ့ ခန္ဓာ အနိစ္စရောက်သွားပြီ။ စုတ်ပြတ်တဲ့ ခန္ဓာက အစားထိုး မလာဘူးလား . . . (အစားထိုးလာပါတယ် ဘုရား)။ ငါ့ခန္ဓာ ဒီအတိုင်း ပျက်စီးပြီလို့ ခန္ဓာကို သွားတွေ့တော့တာနော်။ အဲဒီအခါ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန်း ကိစ္စပြီးသွားတာပေါ့။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်သွားတာ၊ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အဲဒီတော့ ဥပသကာတစ်ယောက်ကို ပင့်ခိုင်းလိုက်

www.dhammadownload.com



တာကိုး။ ကျောင်းကလည်း တိုင်ပေါင်း တစ်ထောင် ရှိတာတဲ့ ကွဲ့။ တစ်တိုင်ကို တစ်ပါးကျ စာပြန်နေတာတဲ့။ ကြည့်တော့ မျက်နှာတွေက တူဆင်ဆင်ကိုး။ ဘယ်ကိုယ်တော်လို့ ဘယ်သိတော့မလဲ။ ပြန်လာခဲ့တော့တာပေါ့။ အနားရောက်တော့ နောင်တော်ဖြစ်တဲ့ သူက အဝေးကနေ လှမ်းကြည့်လိုက်တယ်၊ အင်း ငါနှင်လိုက်တာ အိမ်ကို ပြန်တော့တာ ရှိမှာပေါ့။ မတွေ့ခဲ့ဘူးလား၊ တွေ့ခဲ့တယ်တဲ့ စူဠပန်တာ မပန်တာ မသိဘူး၊ အပါးတစ်ထောင်ရှိတယ်တဲ့။ တစ်တိုင်ကို တစ်ပါးကျ စာပြန်နေတယ်တဲ့။ အဲဒီတော့ သံဃာအလယ်ကို ရောက်အောင်သွား၊ အလယ်ကို ရောက်တဲ့အခါ အရှင်စူဠပန်ဘုရား ဆွမ်းဘုဉ်းပေး အလှူခံ ကြွတော်မူပါလို့ မလျှောက်ရဘူးလား . . . (လျှောက်ရပါတယ် ဘုရား)။ အဲဒီအခါ ထူးမှာပေါ့။ ထူးတဲ့လက်ကို ဖမ်းလိုက်ပေါ့။ အဲဒီလိုပင့်တဲ့အခါ ထူးတော့တာနော်။ အဲဒီလက်ကို ဖမ်းတော့ ကိုးရာ့ကိုးဆယ့်ကိုးပါး အကုန်လုံး သုညဖြစ်သွားတာ။ အစစ်ကိုတွေ့တော့ အတုအပ ပျောက်သွားတာပေါ့။

အဲဒီတော့ သူ့ကို ပင့်လာခဲ့ရတယ်။ သူကြွလာခါမှ ဆွမ်း၊ ကွမ်း၊ ကိစ္စ ပြင်ရတယ်နော်။ ပြင်လို့သာ ဆွမ်းကပ်ရတာပေါ့။ ဆွမ်းစားပြီးတော့ အချိုပွဲ ကပ်ရတာပေါ့။ အချိုပွဲ

www.dhammadownload.com



ပြီးတော့ခါ စူဠပန်ကို တရားဟောချတော့တာ။ မြတ်စွာဘုရားကလေ။ အဲဒီ တရားနာပရိသတ် လူပရိသတ်၊ နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်တွေ အများကြီးပေါ့။ သိန်းချီတယ်တဲ့ကွဲ့။ နည်းတဲ့ ပရိသတ်တွေ မဟုတ်ဘူးနော်။ အဲဒီတော့ တရားနာပရိသတ်တို့ စူဠပန်က မေးတာပေါ့။

တရားနာ ပရိသတ်တို့တဲ့၊ လူထင်လို့ ဘုရာပေးတဲ့ ဝိဇ္ဇာမျက်မှန်နဲ့ တပ်ပြီးတော့ ကြည့်လိုက်စမ်းလို့ မခိုင်းဘူးလား . . . (ခိုင်းပါတယ် ဘုရား)။ ဝိဇ္ဇာမျက်မှန်ကို တပ်ကြည့်တာ လူကို မြင်တာလား၊ အဆင်းကို မြင်တာလား . . . (အဆင်းကို မြင်ပါတယ် ဘုရား)။ အဆင်းကို မြင်တယ်နော်။ လူလို့တော့ မထင်လား (ထင်ပါတယ် ဘုရား)။ မြင်တာက လူလား၊ အဆင်းဓာတ်လား. . . (အဆင်းဓာတ်ပါ ဘုရား)။ လူထင်လို့ ဉာဏ်လက်နဲ့ ပုတ်ကြည့်လိုက်နော်။ လူတွေ့သလား၊ အသံလား . . . (အသံပါ ဘုရား)။ အသံသာ လူဆိုရင် အသံဟူသမျှ လူလို့ ခေါ်ရမှာပေါ့။ ဒီလိုကော ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူး ဘုရား)။ မဖြစ်ဘူးကွဲ့နော်။ လူထင်လို့ နမ်းကြည့်လို့ မခိုင်းလား . . . (ခိုင်းပါတယ် ဘုရား)။ နမ်းကြည့်တဲ့အခါ လူတွေ့သလား၊ အနံ့ တွေ့သလား . . . (အနံ့ တွေ့ပါတယ် ဘုရား)။ အနံ့ ပဲတွေ့တယ်နော်။

www.dhammadownload.com



တစ်ခါ လူထင်လို့ ဘုရားပေးတဲ့ လျှာလေးနဲ့ လျက်ကြည့်လို့ မခိုင်းလား . . . (ခိုင်းပါတယ် ဘုရား)။ လျက်ကြည့်တဲ့အခါ ငန်ပျပျ မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ လူလား ရသာဓာတ်လား . . . (ရသာဓာတ်ပါ ဘုရား)။ ငန်ပျပျ ရသာဓာတ်ပေါ့။ ဆံဖျားက ခြေဖျား၊ ခြေဖျားက ဆံဖျား အနှံလုံး၊ ပဋ္ဌိလုံနော်။ လူထင်လို့ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်း ကြည့်ပေါ့။ မာတာ မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ ပျော့တာ မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ မာတာ ပထဝီပေါ့။ ပျော့တာ ပထဝီပေါ့။ လူလား၊ ပထဝီဓာတ်လား. . . (ပထဝီဓာတ်ပါ ဘုရား)။ အဲဒါ မာတယ်လို့ သိတဲ့အချိန် စဉ်းစားနော်။ ကိုယ်ထင်တာက လူပေါ့။ တွေ့တာ မာတာပဲ တွေ့တယ်။ ကိုယ်ထင်တာ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ အဲဒါ ယုံကြည်ဖို့လိုတာ။ မရှိဘူးနော်။ တွေ့တာက မာတာက သက်သေခံတယ်။

မာတယ်၊ ပျော့တယ် သိတာ သူငါလား၊ ကာယ ဝိညာဏ်လား . . . (ကာယဝိညာဏ်ပါ ဘုရား)။ ကာယ ဝိညာဏ်က နာမ်တရား မရလား . . . (ရပါတယ် ဘုရား)။ မာတာ၊ ပျော့တာက ရုပ်တရား မရလား . . . (ရပါတယ်

www.dhammadownload.com



ဘုရား)။ နာမ်ရုပ် နှစ်ပါးပေါ့။ နာမ်နဲ့ ရုပ်ပဲ တွေ့တယ်နော်။ ကဲ လူ၊ နတ်၊ ဗြဟ္မာ တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ မြို့၊ ရွာ၊ တိုင်းပြည် တွေ့သေးရဲ့လား . . . (မတွေ့ ပါဘူး ဘုရား)။ တွေ့တာက မြို့၊ ရွာ၊ တိုင်းပြည်လား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ လူ၊ နတ်၊ ဗြဟ္မာလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ကဲ သုံးဆယ့် တစ်ဘုံ ရှာတွေ့သေးရဲ့လား . . . (မတွေ့ ပါဘူး ဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိရင် လူစွဲ၊ နတ်စွဲ၊ ဗြဟ္မာစွဲ စွဲစရာ လိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ အဲဒီလို လေ့လာဖို့ မကောင်းလား. . . (ကောင်းပါ တယ် ဘုရား)။ အဲဒါ တချို့ သောတာပန်တည်တယ်၊ သကဒါဂါမ်၊ အနာဂါမ်၊ တချို့ ရဟန္တာပေါ့နော်။ နတ်တွေ လည်း ကျွတ်တာပေါ့။ ဗြဟ္မာတွေလည်း ကျွတ်တာပေါ့။ တရားနာ ပရိသတ်တွေလည်း ကျွတ်တာပေါ့။ တမင် တရား ထိုင်ရတယ်လို့ ပါရဲ့လား . . . (မပါပါဘူး ဘုရား)။ တရား နာရင်းနဲ့ သောင်းချီ၊ သိန်းချီပြီးတော့ ကျွတ်တာကွဲ့။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

　　မိုးကုတ်ဆရာတော်ဘုရားကြီးက မျောက်ဥပမာ ပေးတဲ့ တိတ်ခွေထဲက ဟောတာ ကြားဖူးတယ် မဟုတ်လား

www.dhammadownload.com



. . . (ကြားဘူးပါတယ် ဘုရား)။ မျှောက်ဥပမာပေးတဲ့ တိတ်ခွေကနော်။ တရားထိုင်တာ အပါးမဝခင်က ထိုင်ရတယ်လို့ မပါဘူးလား . . . (ပါပါတယ် ဘုရား)။ အပါးဝခါထိုင်စရာ မလိုဘူးတဲ့နော်။ လူတွေကလည်း အပါးမဝ နိုင်ပြီကွဲ့။ ဘယ်လိုများ မဝလဲဟေ့။ အပါးက မဝနိုင်ပြီ။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ ခန္ဓာကို မသိလို့ပေါ့။ ခန္ဓာက ပြနေတာကွဲ့ ။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ဒါ နှလုံးသွင်းမှားလို့ ဖြစ်မှာပေါ့။ အဲဒီလို လေ့လာဖို့လိုတယ်နော်။ သိမှပယ်နိုင်တာ။

ကဲ တစ်ခါ ပြန်ပြီးတော့ ကိုယ့် တိုင်းပြည်မှာ မြေကြီးကို အိုးလုပ်တာ မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ မြေကြီးခဲ သက်သက် အိုးလုပ်လို့ ဖြစ်ရဲ့လား . . . (မဖြစ်ပါဘူး ဘုရား)။ ရေနဲ့ မစပ်ရဘူးလား . . . (စပ်ရပါတယ် ဘုရား)။ ရေနဲ့ စပ်တော့ သမအောင် နယ်ရတယ်နော်။ သမအောင် နယ်တော့ အစေးပေါက်လာပြီဆိုတော့ ပုံမသွင်းရဘူးလား . . . (သွင်းရပါတယ် ဘုရား)။ အိုးအစားစား ပုံသွင်းရတယ်နော်။ ပုံသွင်းလို့ ပြီးသွားပြီပေါ့။ အဝေးကို ချီလို့၊ ရွှေ့လို့ ရပ့ါမလား . . . (မရပါဘူး ဘုရား)။ မရရင် လေသလုတ်အောင် မထားရဘူးလား . . . (ထားရပါတယ် ဘုရား)။

www.dhammadownload.com



သုံး၊ လေးရက်လောက် ထားရတယ်နော်။ လေသလုတ်လို့ တော် တော်ကလေး မာလာပြီပေါ့။ နေပွင့်တဲ့အချိန် ထုတ်ပြီးတော့ မလှန်းရဘူးလား . . . (လှန်းရပါတယ် ဘုရား)။ တော်တော် ကလေး နှစ်ရက်၊ သုံးရက်ကျတော့ မာပြီနော်။ မြို့ပြင်ထုတ် ပြီးတော့ မီးမဖုတ်ရဘူးလား . . . (ဖုတ်ရပါတယ် ဘုရား)။ အဲဒါတော့ ကိုင်လို့ရပြီနော်။ ဒါ အိုးအစားစားပေါ့။

အဖေ မိဘမွေးတဲ့ မျက်စိနဲ့ ကြည့်မယ်ဆိုရင် အိုးအစားစားပေါ့။ အဝိဇ္ဇာ မျက်လုံးနဲ့ ကြည့်မယ်ဆိုရင် အိုးအစားစားပေါ့။ ဘုရားပေးတဲ့ ဝိဇ္ဇာမျက်မှန် တပ်ကြည့်တော့ အိုးအစားစားလား၊ ဓာတ်ကြီးလေးပါးလား . . . (ဓာတ်ကြီး လေးပါးပါ ဘုရား)။ ဓာတ်ကြီးလေးပါးပဲ တွေ့မယ်နော်။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ပေါ့။ ဓာတ်ကြီးလေးပါးလို့ မြင်တဲ့ ပုဂ္ဂိုလ် အိုးတွေ့ သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ အိုးမတွေ့တော့ ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ဖြစ်ပါ့မလား . . . (မဖြစ် ပါဘူး ဘုရား)။ အိုးအစားစားလို့ မြင်လို့ ရာဂ၊ ဒေါသ၊ မောဟ ဖြစ်တာပေါ့။ အဲဒီလို လှေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ ယုံကြည်ဖို့ လိုတယ်နော်။

www.dhammadownload.com



အဲဒါ **အရှိကိုကြည့် မရှိကိုမြင်တတ်တယ်** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ တကယ်ရှိတာက အိုးအစားစားလား ခတ်ကြီးလေးပါးလား . . . (ခတ်ကြီးလေးပါးပါ ဘုရား)။ ခတ်ကြီးလေးပါး သိတော့ အိုးတွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိရင် စွဲစရာ လိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ အဲဒီလို သိဖို့ ကောင်းတယ်နော်။ အဲဒီလို ပွားဖို့လိုတာပေါ့။ အဲဒါ ထိထိမိမိ သဘောပေါက်ဖို့လိုတယ်။ အဲဒါ လိုရင်းအချက်တွေကွဲ့နော်။

ခန္ဓာမှာပြန်ပြီးတော့ လေ့လာတဲ့အခါကျတော့ ခြောက်ဒွါရမှာ အကြောင်းတိုက်တိုင်း တိုက်တိုင်း ဆိုင်ရာ ဝိညာဏ် မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ ပေါ်မယ်နော်။နားအကြည်ရှိတော့ အသံတိုက်မှာပေါ့။ ကြားသိစိတ် မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ အသံလို့ ကြားသိတာ သောတဝိညာဏ် နာမ်တရားနော်။ သောတအကြည်နဲ့ အသံက ရုပ်တရားနော်။ နာမ်ရုပ်နှစ်ပါးပေါ့။ လူလား၊ နာမ်နဲ့ရုပ်လား. . . (နာမ်နဲ့ရုပ်ပါ ဘုရား)။ နတ်လား၊ နာမ်နဲ့ရုပ်လား. . . (နာမ်နဲ့ရုပ်ပါ ဘုရား)။ ဗြဟ္မာလား၊ နာမ်နဲ့ရုပ်လား . . . (နာမ်နဲ့ရုပ်ပါ ဘုရား)။ နာမ်နဲ့ရုပ်ပဲ တွေ့တယ်

www.dhammadownload.com



နော်။ လူ၊ နတ်၊ ဗြဟ္မာ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိရင် စွဲစရာ လိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ ဉာတပရိညာ ပိုင်းခြားလို့ သိပါလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ပညတ်၊ ပရမတ် ပိုင်းခြားဖို့ မလိုဘူးလား . . . (လိုပါတယ် ဘုရား)။

နာမ်ရုပ်က ပရမတ်၊ လူက ပညတ်ပေါ့။ နာမ်ရုပ်က ပရမတ်၊ နတ်က ပညတ်ပေါ့။ နာမ်ရုပ်က ပရမတ်၊ ဗြဟ္မာက ပညတ်၊ မြို့၊ ရွာ၊ တိုင်းပြည်က ပညတ်၊ ပညတ် ပရမတ် ပိုင်းခြားရမယ်နော်။ ပညတ်ဆိုတာ ခေါ်တာ ပြောတာ၊ ရှိတဲ့တရား ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ မရှိ ပညတ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ မရှိ ပညတ်က လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါပေါ့။ ရှိ ပရမတ်က စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်။ နိဗ္ဗာန်က အသင်္ခတ ပရမတ် ပေါ့။ စိတ်၊ စေတသိက်၊ ရုပ်က သင်္ခတ ပရမတ်ပေါ့။ အဲဒီလို လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ဆက်ပြီးတော့ ကြည့်တဲ့အခါ ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ နာမ်တရားက သိပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ နိစ္စလား၊ အနိစ္စလား . . . (အနိစ္စပါ ဘုရား)။ အနိစ္စ

www.dhammadownload.com



မမြဲခြင်းတရားသည် ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား . . . (ဆင်းရဲတဲ့ တရားပါ ဘုရား)။ ဆင်းရဲတဲ့ တရားကို သုခလို့ ခေါ်မလား၊ ဒုက္ခလို့ ခေါ်မလား . . . (ဒုက္ခလို့ ခေါ်ပါတယ် ဘုရား)။ ဤဒုက္ခတရားကို ပိုင်သူရှိရဲ့လား . . . (မရှိပါဘူး ဘုရား)။ သတ္တဝါ အလိုသို့ လိုက်ရဲ့လား . . . (မလိုက်ပါဘူး ဘုရား)။ အကြိုက်သို့ ပါရဲ့လား . . . (မပါပါဘူး ဘုရား)။ အနတ္တလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ပွားလို့ သိတာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ နော်။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား . . . (ဆင်းရဲတဲ့ တရားပါ ဘုရား)။

အနိစ္စတရား တွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဒုက္ခတရား တွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ အနတ္တ တရားတွေ့တဲ့အခါ နာမ်၊ ရုပ်တွေ့ သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ အနိစ္စတရားနှင့် နာမ်၊ ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား . . . (လိုပါတယ် ဘုရား)။ ဒုက္ခတရားနှင့် နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား . . . (လိုပါတယ် ဘုရား)။ အနတ္တတရားနှင့် နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား . . . (လိုပါတယ် ဘုရား)။ တီရဏပရိညာ။ နာမ်ရုပ်ကို သိတော့

www.dhammadownload.com



ပုဂ္ဂိုလ်၊ သတ္တဝါ တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ လူ၊ နတ်၊ ဗြဟ္မာ တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဉာတပရိညာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့တော့ နာမ်ရုပ် တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ တီရဏပရိညာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စုလိုက်တော့ ဖြစ်၊ ပျက်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား . . . (ဆင်းရဲတဲ့တရားပါ ဘုရား)။ ဆင်းရဲတယ်လို့ အမှန်သိတာ ယထာဘူတဉာဏ်။

ဒုတိယ ဆက်ပြီးကြိုးစားကြည့်။ ဖြစ်၊ ပျက်ပဲတွေ့မှာပေါ့။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒုတိယကျတော့ အသိဉာဏ်က ရင့်လာပြီနော်။ လောကကြီးကို ပျင်းမုန်း ငြီးငွေ့သွားပြီပေါ့။ အပြော၊ အဆို၊ အနေ၊ အထိုင် တွေ ခါတိုင်းနဲ့ တူရဲ့လား . . . (မတူတော့ပါဘူး ဘုရား)။ နူးညံ့သိမ်မွေ့ ပြီးတော့ မလာဘူးလား . . . (လာပါတယ် ဘုရား)။ သိမ်မွေ့ လာပြီနော်။ နိဗ္ဗိန္ဒဉာဏ်ပေါ့။

တတိယ ဆက်ကြိုးစားကြည့်။ ဖြစ်၊ ပျက်ပဲ မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ခြေအစ ခေါင်းအဆုံး တစ်ကိုယ်လုံး

www.dhammadownload.com



ရှာချင်သလိုရှာ သုခဆိုတဲ့တရား အပ်ဖျား တစ်ထောက်စာမျှ တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ အပ်ဖျား တစ်ထောက်စာမျှ သုခ မတွေ့တာ ရှိလို့လား၊ မရှိလို့လား . . . (မရှိလို့ပါ ဘုရား)။ မရှိရင် ဒုက္ခအတိလို့ မပိုင်းခြားလား . . . (ပိုင်းခြားပါတယ် ဘုရား)။ ပိုင်းခြားလိုက်တဲ့အချိန် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သီလမဂ္ဂင်သုံးပါး မဝင်လား . . . (ဝင်ပါတယ် ဘုရား)။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်းတော့ ရှစ်ပါးမပြည့်လား . . . (ပြည့်ပါတယ် ဘုရား)။ ရှစ်ပါးပြည့်တဲ့အခါ ခန္ဓာတွေ့သေးရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ခန္ဓာ မတွေ့တော့ ခန္ဓာ မရှိတဲ့အတွက် မငြိမ်းဘူးလား . . . (ငြိမ်းပါတယ် ဘုရား)။ ကိလေသာ မရှိတော့ မအေးလား . . . (အေးပါတယ် ဘုရား)။ ငြိမ်းတဲ့သဘောနဲ့ အေးတဲ့သဘော ဘယ်လိုခေါ်မလဲ . . . (နိဗ္ဗာန်လို့ ခေါ်ပါတယ် ဘုရား)။ နိဗ္ဗာန် . . . ။

သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ် ဘာတွေပယ်တာလဲ၊ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဆိုတဲ့ အနုသယကိလေသာ ပယ်တာပေါ့ ။ အနုသယကိလေသာ ပယ်တော့ ပရိယုဋ္ဌာန မနောကံ လာသေးရဲ့လား . . . (မလာတော့ပါဘူး ဘုရား)။

www.dhammadownload.com



မနောကံမှ မလာရင် ဝိတိက္ကမ ကာယကံ၊ ဝစီကံ လာသေးရဲ့လား . . . (မလာတော့ပါဘူး ဘုရား)။ မလာရင် အပါယ်သွားတဲ့ ကံတွေမကုန်လား . . . (ကုန်ပါတယ် ဘုရား)။ အပါယ် ခန္ဓာဇာတ်မသိမ်းလား . . . (သိမ်းပါတယ် ဘုရား)။ ပဟာနပရိညာလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။

ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ ဤဉာဏ်သုံး ဉာဏ်ရတဲ့ ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာမှစ၍ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံဟောင်း ကြွေးဟောင်း အနန္တကမ္မာပထဝီ မြေကြီးနဲ့ အမျှဖြစ်တဲ့ အကုသိုလ်ကံတွေ အကျိုးပေးခွင့် ရသေးရဲ့လား . . . (မရတော့ပါဘူး ဘုရား)။ အကုန်လုံး အဟောသိကံ ဖြစ်မသွားလား . . . (ဖြစ်သွားပါတယ် ဘုရား)။ အင်္ဂုလိမာလကြီးက သက်သေမခံလား . . . (သက်သေခံပါတယ် ဘုရား)။ ခု တရားနာပရိသတ်တွေ အင်္ဂုလိမာလ လောက် ဘယ်သူမှ အပြစ်မကြီးဘူးကွဲ့။ ယုံယုံကြည်ကြည်နဲ့ ကြိုးစားအားထုတ်ဖို့ မလိုလား . . . (လိုပါတယ် ဘုရား)။ မနက်စာ အားထုတ် ညနေရတယ်၊ ညနေ အားထုတ် မနက်စာရတယ်လို့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး မဟောဘူးလား . . . (ဟောပါတယ်

www.dhammadownload.com



ဘုရား)။ ကြာရင် ခုနှစ်ရက်ပေါ့။ ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုတယ်နော်။

ကဲ ကြားဆဲခန္ဓာက ဖြစ်၊ ပျက် ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ သိတာက . . . (မဂ္ဂသစ္စာပါ ဘုရား)။ သေတာက . . . (သမုဒယသစ္စာပါ ဘုရား)။ နောက်ခန္ဓာ မလာတာ . . . (နိရောဓသစ္စာပါ ဘုရား)။ ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နှစ်ကွက်ရှိ . . . (လေးကွက်ရှိပါတယ် ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး . . . (ငါးပါးပါ ဘုရား)။ ငါးလေးလီ . . . (နှစ်ဆယ်)။ ဤရှစ်သွယ်ကို . . . (အလွယ် ကျက်မှတ်သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)။

**အမျှဝေ**

**ဣမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ**

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **ဗုဒ္ဓံ**၊ မြတ်စွာဘုရားကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

**ဣမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ**

www.dhammadownload.com



ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **ဓမ္မံ**၊ တရား တော်မြတ်ကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

## ဏ္ဍမာယ–ဓမ္မာနု–ဓမ္မပဋိပတ္တိယာ

ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **သံဃံ**၊ သံဃာတော် အရှင်မြတ်ကို၊ **ပူဇေမိ**၊ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

ဤကဲ့သို့ ပြုလုပ်အပ်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ အဓိဋ္ဌာန်ကုသိုလ်၊ ပါရမီကုသိုလ်၊ ဝိပဿနာ မဟာကုသိုလ်တို့၏ အကျိုးအားကြောင့် ခန္ဓာငါးပါး၊ ရုပ်၊ နာမ်တရားတို့၏ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရပါလို၏ အရှင်ဘုရား။

ထိုကုသိုလ်၏ အကျိုးကိုလည်း မိခင်၊ ဖခင်၊ ကျေးဇူးရှင်တို့အား လည်းကောင်း၊ အနမတဂ္ဂ သံသရာမှ စ၍ တော်စပ်ခဲ့ဖူးသော မိခင်၊ ဖခင် ကျေးဇူးရှင် အပေါင်းတို့အား လည်းကောင်း၊ အာစရိယာနဉ္စ၊ ဆရာသမားတို့အား လည်းကောင်း၊ ဏ္ဍမာသံ ပရိသာနဉ္စ၊ တရားနာ အစည်း

www.dhammadownload.com



အဝေးသို့ ကြွရောက်လာကြကုန်သော တရားနာပရိသတ်တို့အား လည်းကောင်း၊ ရေမြေသနင်း ပြည့်ရှင်မင်းတို့အား လည်းကောင်း၊ ငရဲသနင်း ယမမင်းတို့အား လည်းကောင်း၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အာရာမ်စောင့်နတ်၊ ဓမ္မာရုံစောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုး နတ်၊ အာကာသစိုးနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ်၊ စတုလောကပါလ နတ်မင်းကြီးမှစ၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ၊ သုခိတ၊ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အား ဘာဇေယျာမ အမျှ - အမျှ - အမျှ ပေးဝေ ပါကုန်၏။

အမျှရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ဝကြပြီးလျှင် သူတော်ကောင်းတရား ကြိုးစားပွားများ အားထုတ်နိုင်လွယ်ကြသည် ဖြစ်စေ။

(အမျှ - အမျှ - အမျှ ယူတော် မူကြပါ ကုန်လော့
သာဓု - သာဓု - သာဓု )[၃]

www.dhammadownload.com



(ဆရာတော် သံဃာတော်
ဘေးရန် ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ဆရာတော် သံဃာတော်
ကျန်းမာစွာဖြင့် ချမ်းသာစွာနှင့်
ခန္ဓာ့ဝန်ကို သာသနာ့ဝန်ကို
လွယ်ကူစွာ ဆောင်ရွက် နိုင်ပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ။) ၃-ကြိမ်

၃-ကြိမ်
(ဆရာတော် သက်တော် ရာကျော်ရှည်ပါစေ၊)
သာဓု ... သာဓု ... သာဓု

www.dhammadownload.com

## ဓမ္မဒါန အလှူရှင်

ဦးကျော်မင်း+ ဒေါ်သီသီလွင်

သား မောင်ထက်ဦး၊ သမီး မစမ်းမြသီတာမင်း

မိသားစု (ရွှေပြည်နန်း ကုမ္ပဏီလီမိတက်)

## မိုးလယ်တောရ ဓမ္မရိပ်သာ

| | | |
|---|---|---|
| ဂန့်ဂေါ (ပင်ရင်း) | ဖုန်း- | ၀၆၂-၅၀၀၈၈ |
| | | ၀၆၂-၅၀၀၈၉ |
| ပဲခူး၊ (၁၀)မိုင်ကုန်း၊ တိုက်ခွဲ အမှတ် (၁) | | |
| | ဖုန်း- | ၀၉-၈၆၅၀၉၄၇ |
| ကျိုင်းတုံမြို့၊ တိုက်ခွဲ အမှတ် (၂) | | |
| | ဖုန်း- | ၀၈၄-၂၂၅၀၁ |
| မန္တလေးမြို့၊ တိုက်ခွဲ အမှတ် (၃) | | |
| | ဖုန်း- | ၀၂- ၉၁၀၁၀၀၁၂ |
| တောင်ကြီးမြို့၊ | ဖုန်း- | ၀၈၁-၂၁၀၉၆ |